**(၃) ဘက်တီးရီးယားကင်ကာရောဂါ (Bacterial Canker)**

**ရောဂါဖြစ်စေသောသက်ရှိ - *Xanthomonas citri* (Hasse 1915) Gabriel et al., 1989**

**ရောဂါလက္ခဏာများ**

အရွက်ပေါ်တွင် အလယ်တွင် အညိုရောင်နှင့် အဝါရောင်အနားရစ်ပါ သော အကွက်ဝိုင်းများကို အသေး၊ အကြီး မျိုးစုံတွေ့ရသည်။ အသီးပေါ်၌ အလယ်တွင် အညိုရောင် /သံချေးရောင်နှင့် အဝါရောင်အနားရစ်ပါသော အကွက်များဖြစ်ပေါ်သည်။ ရောဂါ ကွက်ကိုလက်ဖြင့် ကိုင်ကြည့်ပါက အပေါ်သို့ အနည်းငယ်မြင့်တက်နေသည်ကို သိရှိနိုင်ပါသည်။






**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသော မျိုးကိုသုံးပါ။
- ရောဂါကင်းသောမျိုးကိုင်းများကိုသုံးပါ။
- ရောဂါကွက်စတင်တွေ့ပါက Copper (ကော့ပါး) ပါသောဆေး၊ Bismerthiazol (ဗစ်မာသီယာဇိုးလ်)၊ Kasugamycin (ကာစူဂါမိုင်စင်) ဆေးများ ကို အသုံး ပြု ပက်ဖျန်းပါ။